စိတ်ကူးချိုချိုအနုပညာ

# အခွင့်အလမ်း၊ စွမ်းဆောင်ရည် နှင့် အောင်မြင်မှု

(သုံးတွဲပေါင်းချုပ်)

ဗမိုး

မြန်မာပြန်

# EFFICIENCY

Harbert Casson

စတုတ္ထအကြိမ်

mgyoe.com

mgyoe.com

မလှုပ်ရှားမီ နှစ်ခါပြန်တွေးပါ။

---

စာရင်းလုပ်ပါ၊

သင့် အကျင့်ဆိုးတွေပါ။ သင့်မှာ မရှိပါဟု ငြင်းဆိုသော

အကျင့်ဆိုးတွေ ပါဝင်ပါစေ၊

၎င်းတို့ ဘေးမှာ

အောင်မြင်စေသော အကျင့်များကို စာရင်းလုပ်ပါ။

သင်ဖြစ်သူ ဖြစ်စေသော အကျင့်များပါ။

ဒါဆိုရင် သင့် ဘဝမြေပုံ ရသွားပါပြီ။

အောင်မြင်ရေး အလေ့အကျင့်တွေ ရသွားပါပြီ။

---

ဆုံးရှုံးကြတာက

အတွင်းအားကို ဘာမှ မလုပ်ကြလို့ပါ။

အတွင်းအားကို

ပိတ်ထားတတ်ကြသည်။

ဒါမှမဟုတ် ခလုတ်မဖွင့်ကြလို့သာပါ

---

နာကြည်းစိတ်သည် အကုန်အကျများလှ၏။

နာကြည်းစိတ်သည် အချိန်ဖြုန်း၏။

စိတ်ဓာတ်ကို ဖြုန်း၏။

ခံစားစွမ်းအားကို လောင်ကျွမ်းစေ၏။

BM0005
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မတ်လ၊ စတုတ္ထအကြိမ်၊ ၂၀၀၀ ပြည်နှစ် တောင်တန်းစာပေမှူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈ · ၈၃

အခွင့်အလမ်းစွမ်းဆောင်ရည်နှင့်အောင်မြင်မှု
ဝမ်း - ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၂၃၆၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) အခွင့်အလမ်းစွမ်းဆောင်ရည်နှင့်အောင်မြင်မှု

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အခွင့်အလမ်း စွမ်းဆောင်ရည်နှင့် အောင်မြင်မှု

# EFFICIENCY

## Harbert Casson

## ဗမိုး

မြန်မာပြန်

စာပေလောကအကြိုမိ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


စီစဉ်သူမှ - က

အပိုင်း(၁)
အခွင့်အလမ်း - ၁

အပိုင်း(၂)
စီးပွားရေး - ၃၈

အပိုင်း(၃)
စွမ်းဆောင်ရည် - ၆၃


mgyoe.com

mgyoe.com

# အခွင့်အလမ်း စွမ်းဆောင်ရည်နှင့် အောင်မြင်မှု

(၃ တွဲပေါင်းချုပ်)

ဗမိုး

mgyoe.com

mgyoe.com

# စီစဉ်သူမှ

သင်စီးပွားရေးလုပ်တော့မည်ဆိုလျှင် ပထမဆုံး လိုအပ်ချက်မှာ "ငွေကြေး" မဟုတ်ပါ။ "စီးပွားရေး အတွေးအခေါ်" သာလျှင်ဖြစ်ပါသည်။

စီးပွားရေးအတွေးအခေါ်ကောင်းလျှင် ကောင်းသလောက် သင့်လုပ်ငန်းသည်လည်း တိုးတက်ဖွံ့ဖြိုးပါလိမ့်မည်။

စီးပွားရေး အတွေးအခေါ်ကို လူတွေထံမှ ရနိုင်ပါသည်။ စာအုပ်များထံမှ ရနိုင်ပါသည်။ လူတွေထံမှဟုဆိုရာတွင် လူတိုင်းထံမှ မျှော်လင့်၍မရနိုင်ပါ။ ထိုသို့သော လူတစ်ယောက်ကိုတွေ့ရန် သင်သည်အချိန်များစွာ၊ ငွေများစွာ အကုန်ကျခံရပါလိမ့်မည်။ စာအုပ်များထံမှ ရယူခြင်းသည် သင့်အတွက်ပို၍အဆင်ပြေပါလိမ့်မည်။ ထမင်းတစ်ပွဲစာ ငွေကြေးရင်းနှီးရုံမျှဖြင့် သင့်ဘဝ၏ ထမင်းပွဲများစွာကို အဆင်ပြေစေပါလိမ့်မည်။

စီးပွားရေးသမားများအတွက် (အထူးပြု၍ဆိုရသော်လည်း လူတိုင်းအတွက်လည်းဖြစ်ပါသည်) သင့်လျော်သည်ဟု ယုံကြည်သဖြင့် ယခုစာအုပ်ကို (၃) အကြိမ် ပြန်လည်ထုတ်ဝေခြင်းဖြစ်ပါသည်။ ပထမအကြိမ် ထုတ်ဝေခြင်းကို ၁၉၉၆၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့ပြီး စာအုပ်ဆိုင်များ၊ အဟောင်းတန်းများ၌ ရှာဖွေ၍ မရနိုင်တော့ပါ။

mgyoe.com

mgyoe.com



ယနေ့ခေတ် စီးပွားရေးပုံသဏ္ဍာန်သည် အဘိုးတို့ခေတ်စီးပွားရေးပုံသဏ္ဍာန်နှင့်ခြားနားခဲ့ပါပြီ။ တံခါးဖွင့်လိုက်သဖြင့် နိုင်ငံတကာစီးပွားရေးပုံသဏ္ဍာန်နှင့် ရောယှက်သွားပါပြီ။ ထိုအခါ ကျွန်တော်တို့၏အတွေးအခေါ်များကို နိုင်ငံတကာ၏စံနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ပါမှ ကျွန်တော်တို့လုပ်ငန်းများ အောင်မြင်မှုသရဖူဆောင်းနိုင်ပါလိမ့်မည်။

ယခုထုတ်ဝေလိုက်သောစာအုပ်တွင် နိုင်ငံတကာ စီးပွားရေးလောက၌ ထင်ရှားသည့် စီးပွားရေးဒဿနပညာရှင် ဟားဘတ်ကက်ဆင် (Herbert Casson)၏ စီးပွားရေးအတွေးအခေါ်များ ပါဝင်ပါသည်။

အကျအရှုံးနှင့် ရင်ဆိုင်ရသည့်အခါ သို့မဟုတ်...

အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ သို့မဟုတ်...

ရှေ့ဆက်ရမည့်လမ်း ပျောက်ဆုံးနေသည့်အခါ

ဤစာအုပ်သည် သင့်အတွက် လက်စွဲကျမ်းအဖြစ် အသုံးဝင်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ဖို့အတွက် မရှိမဖြစ် အင်္ဂလိပ်စာ (Essential English) ကိုလည်း တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

သင်ရင်းနှီးလိုက်ရသော ငွေကြေး(စာအုပ်ဖိုး)နှင့်အချိန်(စာအုပ်ဖတ်ချိန်) ထက်မကသော အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ယုံကြည်သဖြင့် စီစဉ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

လိုက်နာကျင့်သုံးခြင်းသည်သာ သင့်တာဝန်ဖြစ်ပါသည်။

ထင်အောင်
စီစဉ်သူ

mgyoe.com

mgyoe.com

# အပိုင်း (၁)

# အခွင့်အလမ်း

## ဝ  သတိထားကြည့်ပါ

စီးပွားရေးလောကမှာ ကြီးပွားချမ်းသာနေခြင်းသည် ကံတရားသက်သက်မဟုတ်ပါ။ အမှတ်မထင် အောင်မြင်သွားခြင်းလည်း မဟုတ်ပါ။

ထိပ်ဆုံးသို့ ရောက်သွားသူသည် တစ်ဆင့်ပြီး တစ်ဆင့် မရပ်မနား လှမ်းတက်သွားခဲ့ရ၏။

အောင်မြင်ခြင်းရဲ့ လျှို့ဝှက်သော အကြောင်းတရားမှာ ရုန်းကန်ကြိုးစားအားထုတ်ခြင်းပါ။ မတော်တဆမဟုတ်ပါ။

The secret of success was effort not chance.

## ဝ  သင့်ကိုယ်တွင်းမှာပါ

လူငယ်မောင်မယ်တွေ မြို့တက်ပြီး အလုပ်ရှာကြသည်။ မိမိဇာတိ ရပ်ရွာမှာ ရှာဖွေရ မလွယ်သော အလုပ်အကိုင်တွေ မြို့ကြီးမှာ ရှာရလွယ်ကူမည်ဟု ထင်မှတ်ထားတတ်ကြသည်။

mgyoe.com

mgyoe.com


အမှန်က သင့်အတွက် ဝမ်းစာအလုပ်ဟာ သင့်ကိုယ်တွင်း မှာပါ။
မိမိဘာလဲ...
ဘာလုပ်တတ်သလဲ...
ဘာလုပ်ချင်သလဲဆိုတာတွေကို တွေးခေါ်ကြည့်ပါ။
မိမိသည် ကိုယ့်ရပ်ရွာမှာမှ အသုံးမတည့်လျှင် မြို့ကြီး ပြကြီး ရောက်သည့်အခါမှာလည်း အသေးအဖွဲ့အလုပ်တွေ နှင့်သာ ဇာတ်သိမ်းရတတ်သည်။

Your career is inside you.
What you are,
What you know and
What you can do.

၀ ဝေးဝေးကရှောင်ပါ

လုပ်ခသက်သက်မျှသာရမည့်အလုပ်ဆိုလျှင် ဝေးဝေးက ရှောင်ပါ။
အလုပ်တစ်ခုမှာ ပညာတိုးရမည်။ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်မှု အခွင့်အလမ်းတွေ ရှိရမည်။ ဤမျှော်လင့်ချက် မပါသော အလုပ်ဆိုလျှင် ဝေးဝေးကရှောင်ပါ။
အရာရာမှာ ငါတတ် ငါသိ မရှိပါ။
အရာရာမှာ ငါတတ် ငါသိ စိတ်ဓာတ်မျိုးနှင့် တစ်ဖက်လူကို အထင်မသေးမိစေနှင့်။ မထိမဲ့မြင် မပြုမိစေနှင့်။ အတတ် ပညာခေတ်ကြီးတွင် မိမိတတ်သလောက် တစ်ဖက်လူလည်း တတ်မြောက်ပြီးသားပါ။

mgyoe.com

mgyoe.com


○ ဦးနှောက်သုံးပါ

အလုပ်တစ်ခုလုပ်ကိုင်နေရသည်ကို တင်းတိမ်ကာ ဦးနှောက်ကို အလကားထားသူတွေရှိသည်။ မိမိဦးနှောက်ရဲ့ ဆယ်ရာခိုင်နှုန်းလောက်ကိုသာ သုံးမိနေတတ်သည်။ ကိုယ်ကာယထက် ဦးနှောက်က ပိုပြီး စွမ်းအားထက်ကာ အကျိုးများစွာရတတ်သည်။

Put your brain to work.
What a man earns by body work is not much.

○ ကျွမ်းကျင်မှ လိမ္မာမည်

အလုပ်တစ်ခုကို ကျွမ်းကျင်သည်အထိ လုပ်ဖြစ်ဖို့လိုသည်။ ဒါမှ ထိုအလုပ်သည် မိမိအတွက် ခက်ခဲတော့မည်မဟုတ်ပေ။ မိမိလုပ်ရသော အလုပ်ထက်ပိုပြီး ကြီးထွားမြင့်မားနေမှ တန်ကာကျမည်။

Every man should become a little larger than his job.

○ လိုချင်ပြီး လုပ်နိုင်မှ ရမည်

ငွေကြေးချမ်းသာချင်ရင် လိုအင်ဆန္ဒ အပြည့်အဝ ရှိရမည်။ အလုပ်လုပ်ရမည်။ လိုအပ်သော အတိုင်းအတာအထိ အလုပ်လုပ်ဖြစ်သွားပြီးမှသာ ကြွယ်ဝလာသည်။ အဓိက အရေးကြီးတာတစ်ခုရှိသေးသည်။ ငွေအရင်းအနှီး စုဆောင်းရမည်။

The first thing to do is SAVE.

mgyoe.com

mgyoe.com



**○ တောင်ထိပ်များကို ခြေတစ်လှမ်းနှင့် မရောက်ပါ**

လူတစ်ယောက် အောင်မြင်လာပြီဆိုလျှင် ထိုအောင်မြင်မှုကိုသာ လူတွေမြင်တတ်ပြီး နှစ်ရှည်လများ ကြိုးစားအားထုတ်ခဲ့ရသည်ကို မမြင်တတ်ကြပေ။

ကြီးမားသော အောင်မြင်မှုတွေရနိုင်ဖို့ အသေးအဖွဲလေးများစွာ စတင်လုပ်ကြရသည်။

တောင်ထိပ်များကို ခြေတစ်လှမ်းတည်းခုန်ပြီး ရောက်မသွားပါ။

Nobody reaches the top of the hill at one jump.

**○ ပညာဆို လိုချင်မှ**

ပညာကို လိုလိုချင်ချင် သင်ယူလေ့လာထားသူသည် မည်သည့်အလုပ်မှာမဆို ထိပ်ဆုံးသို့ ရောက်သွားတတ်သည်။ လုပ်ငန်းခွင်တိုင်းမှာ တွင်ကျယ်တတ်သည်။

**○ ကြီးပွားသူတိုင်းရဲ့ တစ်ခုတည်းသော အရည်အချင်း**

ကျွန်ုပ်လေ့လာတွေ့ရှိရသမျှဆိုလျှင် အောင်မြင်ကျော်ကြားကြီးပွားသူတွေနှင့် တခြားလူတွေ ခြားနားချက်မှာ တစ်ခုသာရှိသည်။

ကြီးပွားသူများမှာ ကြီးပွားရမည်ဆိုသော အလုပ်ကို တကယ်လုပ်ပြီး မည်သည့်အကြောင်း၊ မည်သည့်အခက်အခဲနှင့် ရင်ဆိုင်ရသည်ဖြစ်စေ နောက်မဆုတ်ဘဲ ရှန်းကန်လှုပ်ရှားသွားကြသည်။

mgyoe.com

mgyoe.com


ကံကြမ္မာဆိုးကို အရှုံးမပေး၊ အခက်အခဲကို အရေးမစိုက် သူများဖြစ်၏။

○ ခေါင်းဆောင်ရဲ့ အရည်အချင်း

သူသည်...

လေ့လာမှတ်သား၏။

စာပေလေ့လာ၏။

နားစိုက်ထောင်၏။

နှိုင်းယှဉ်ကြည့်၏။

စိတ်အစဉ်မှာ ထာဝရ နိုးကြားနေတတ်၏။

He observes.

He reads.

He listens.

He compares.

His mind is alert.

သူအသုံးတည့်မည့် ဗဟုသုတကို အမြဲတမ်းရှာဖွေလျက်ရှိ၏။

He is always on the look-out for knowledge he can use.

သူသည် မှတ်ဉာဏ်ကိုသာ အားကိုးကာ စက်ရုပ်လူသားလို လှုပ်ရှားသူမဟုတ်။ စိတ်ကူးသစ်၊ နည်းသစ်များကို အသုံးချသူဖြစ်သည်။

He makes use of new ideas and methods.

mgyoe.com

mgyoe.com


○ **How ထက် Why ကို**

ဘယ်ပုံဘယ်နည်း ဆိုတာထက် ဘာကြောင့်ဆိုတာကို အမြဲတမ်း စောကြောပါ။

အလုပ်တစ်ခုကို ဘယ်လိုရှာရမည်ဆိုတာထက် ဘာကြောင့်ရှာရသည်၊ လုပ်ရသည်ကို သိသောသူသာလျှင် မိမိဘဝကို ဦးဆောင်နိုင်သူ ဖြစ်မည်။

Any man who knows HOW, will find a job, but a man who knows WHY, will be his boss.

○ **ဖန်တီးဉာဏ် ရှင်သန်နေမှ**

ဖန်တီးဉာဏ် ရှင်သန်နေပြီး သာမန်ထက် ထူးခြားသော ကျွမ်းကျင်မှုတစ်ခုခု ရှိသူအတွက် အလုပ်အကိုင်တွေ သန်းနှင့်ချီ၍ ကြိုဆိုလျက်ရှိသည်။

There are millions of jobs in the world for men who have skill and special knowledge.

○ **အသေးအဖွဲ့ကိုပင်လျှင် ကျွမ်းကျင်စွာ**

လူတစ်ယောက်ရဲ့ အရည်အချင်းနဲ့ စရိုက်ကို သိချင်လျှင် အလုပ်အသေးအဖွဲ့ တစ်ခုကို ပေးကြည့်ပါ။

လူကလေး တစ်ယောက်ကို ပြတင်းပေါက်မှန်ကို သုတ်ခိုင်းကြည့်ပါ။ အလယ်လောက်ကိုသာ ဖုန်သုတ်ပြီး ဘေးအစွန်းများကို ချန်လုပ်ခဲ့လျှင် ထိုသူငယ်သည်ကြီးပွားမည် မဟုတ်ပါ။

mgyoe.com

mgyoe.com


အိမ်ဖော်မလေး သန့်ရှင်းရေးလုပ်သည့်အခါ သတိထားကြည့်ပါ။ ဟိုတစ်ကွက် သည်တစ်ကွက်နှင့် ပေါ့ပျက်ပျက်ဆိုလျှင် အိမ်ဖော်မဘဝကတိုးတက်မည်မဟုတ်။ အိမ်ထောင်ကျ၍ အိမ်ရှင်မဘဝနှင့်လည်း အရည်အချင်းပြည့်ဝမည်မဟုတ်။

အသေးအဖွဲလေးတွေ ကောင်းစွာလုပ်နိုင်မှ ကြီးမားသောအလုပ်တွေကို လုပ်နိုင်မည်။

Little jobs well done usually lead to big jobs.

**၀ တာဝန်ယူရဲမလား**

တာဝန်ဆိုလျှင် ယူချင်သူ ယူရဲသူ ရှားသည်။ ယူချင်သူယူရဲသူများကျတော့လည်း ကြီးပွားသွားကြသည်။ တာဝန်ယူရဲသူများမှာ ခေါင်းဆောင်ဗီဇပါလာတတ်သည်။ သို့သော်တာဝန်ယူတတ်ဖို့၊ ယူရဲဖို့လေ့ကျင့်လျှင် ဖြစ်နိုင်ပါသည်။

The desire for responsibility can be developed.

ကိုယ့်အားကိုယ်ကိုးပြီး ကြီးပွားချမ်းသာ လာခဲ့သူများ တွေ့ရှိရသည့်အတိုင်း တာဝန်သည် ယူချင်သူ၊ ယူတတ်သူ၊ ယူရဲသူကို အထက်မြက်ဆုံး ပညာလက်နက်ပေးတတ်၏။

The most useful education is education by responsibility.

mgyoe.com

mgyoe.com


○ ကြိုက်ရာ ပညာတစ်ရပ်
မိမိကြိုက်ရာ ပညာတစ်ရပ်ကို အပြီးတိုင် တတ်မြောက်အောင် သင်ယူပြီးပြီးဆိုလျှင် သင် မုချ ကြီးပွားတော့မည်။

When a young man sets out something of his own free will, he begins to rise in the world.

○ ပို၍ကြီးမားသော ဆုံးရှုံးမှု
အသုံးမတတ်၍ ငွေကြေးဆုံးရှုံးရသည်ထက် အကျင့်ပျက်၊ သိက္ခာကျရသည်က ပို၍ကြီးမားသော ဆုံးရှုံးမှုဖြစ်သည်။

○ နေရာတိုင်းမှာ
ကြုံဆုံရာနေရာတိုင်းမှာ အကြံသစ်၊ ဉာဏ်သစ်များစွာ ရှိသည်။ မြင်တတ်ဖို့၊ ယူတတ်ဖို့သာလိုသည်။
သတိထားကြည့်ပါ၊ Notice
နှိုင်းယှဉ်ပါ၊ Compare
တီထွင်ပါ၊ Invent

○ ပထမနှင့် တတိယ
တတိယအရွယ်မှာ ငွေနှင့်ရင်းနှီးစားသောက်နိုင်ရန် ပထမအရွယ်မှာ အတတ်ပညာတစ်ခုခု တတ်မြောက်အောင် သင်ယူထားရမည်။

mgyoe.com

mgyoe.com


○ အမြဲကံကောင်းသူ

ဘဝတစ်လျှောက်လုံး ကံကောင်းသူဟူ၍ မရှိသလို ဘဝတစ်လျှောက်လုံး ကံဆိုးသူလည်း မရှိ။
သို့သော် စီးပွားရေးမှာတော့မှု လုပ်ငန်းတစ်လျှောက်လုံး ကံလိုက်သူများ ရှိတတ်သည်။

There is such a thing as continuous luck in the business world.

ထိုသူများသည် ကိုယ်ပိုင်အရည်အချင်း တိုးပွားအောင် လုပ်သူများဖြစ်၏။

Those people have it who develop their abilites.

○ လုပ်ငန်းကြီးတွေမှာ ဝါသနာကစသည်

စီးပွားရေးလုပ်ငန်းကြီးတွေမှာ ဝါသနာတစ်ခုခုက စတင်၍ ပျိုးလာတတ်သည်။ ဝမ်းရေးအတွက် အလုပ်လုပ်နေချိန်မှ အပ ဝါသနာပါရာ အလုပ်တစ်ခုသည် ပို၍ ဝင်ငွေကောင်း လာတတ်သည်။
မက်ကင်နို မီးရထားစက်ခေါင်း အရုပ်ကလေးများ တီထွင်သူမှာ သားသမီးများအတွက် စိတ်ကူးရသွားခြင်းမှ ဖြစ်မြောက်သွားခဲ့ခြင်းဖြစ်သည်။ (မြန်မာနိုင်ငံ၌လည်း လွန်ခဲ့သော နှစ် ၃၀–၄၀ က ဗိုလ်အုန်းသီး ကလေးစီးစက်ဘီး တီထွင်သူမှာ သားအတွက် စိတ်ကူးရပြီး ဖြစ်မြောက်သွားခဲ့ခြင်းဖြစ်သည်)
အင်္ဂလန်မှာ တံဆိပ်ခေါင်းစု ဝါသနာပါသူတစ်ယောက် ရှိခဲ့

mgyoe.com

mgyoe.com


သည်။ သူသည် ဤဝါသနာဖြင့် သူဌေးကြီးတွေ ရာထူးကြီး ပုဂ္ဂိုလ်တွေနှင့် အဆက်အသွယ်ရသွားပြီး ကြီးပွားရေးလမ်းစ ရရှိသွားခဲ့သည်။

○ **စကားပြော ကောင်းရမည်**

လုပ်ငန်းတစ်ခုဖြစ်မြောက်လာပြီဆိုလျှင် တစ်ချိန်ချိန် လူအများရှေ့မှာ စကားပြောဖို့ ကြုံလာမည်။ ပြောတတ်အောင် လေ့ကျင့်ထားရမည်။ မပြောတတ်လျှင်၊ အပြောမကောင်းလျှင် မိမိအဖို့ ဆုံးရှုံးဖွယ်ရာသာရှိမည်။

○ **အမြင်ကျယ်မှ ကြီးပွားမည်**
**ကွက်ကျော်မြင်တတ်ရမည်**

မိမိရဲ့ဝန်းကျင် ကွက်ကွက်ကလေးလောက်ကိုသာမြင်နေသူအဖို့ ကြီးပွားရေးလမ်းစကို မြင်ရမည်မဟုတ်။ အမြင်ကျယ်မှ ကွက်ကျော်မြင်မှ ကြီးပွားမည်။

You must be able to see farther than your own little business.

အထက်သို့တက်ရောက်ဖြစ်မြောက်သွားသူများမှာ ဘဝအမြင် ကြွယ်သူများဖြစ်သည်။ သာမန်မြင်ကွင်းတွေရဲ့ နောက်ပိုင်း၊ အတွင်းပိုင်းတွေကို ရှာဖွေကြည့်မြင်နိုင်သူ ဖြစ်သည်။

mgyoe.com

mgyoe.com


The man who climbs to the top is the man who takes a large view of life.
He sees behind the scenes.

○ **ကြီးပွားမည့် မျိုးဆက်သစ်တွေ**

လာမည့်ခေတ် မျိုးဆက်တွေမှာ နိုင်ငံတကာအမြင်ရှိသူများသာလျှင် ကြီးပွားမည်၊ အောင်မြင်မှုကြီးတွေ ရရှိကြမည်။ ငါ့နိုင်ငံမှ ငါ့နိုင်ငံ ဆိုသည့် ကျဉ်းမြောင်းသော အာဃာတ မဖြစ်စေနှင့်။

The men in the next generation will be the men who are internationally minded who have got rid of national prejudices.

○ **ဆန္ဒသက်သက်ဖြင့် ဖြစ်မလာပါ**

မန်နေဂျာ ဖြစ်ချင်သူမှာ ဆန္ဒသက်သက်နှင့် ဖြစ်မလာပါ။ ပထမ မိမိကိုယ်ကို မန်နေဂျာလုပ်ကြည့် လုပ်တတ်ရမည်။ လောလောဆယ် မိမိမှာ အချိန်သာရှိသည်။ အချိန်ကို စီမံခန့်ခွဲတတ်ရမည်။

You must manage yourself.
You must manage your leisure.

အချိန်ပိုမှာ ဘာတစ်ခုမှ မည်မည်ရရ မလုပ်ဖြစ်လျှင် သူလိုငါလို ဘဝထက် တိုးတက်မည် မဟုတ်ပေ။

mgyoe.com

mgyoe.com


○ **အကောင်းဆုံး အရင်းအနှီး**

ငွေရှိလာသည့်အခါ ပထမ အကောင်းဆုံး အရင်းအနှီးမှာ အိမ်တစ်လုံး ဝယ်ထားလိုက်ပါ။

The best first investment is always a home.

ငွေရှိလာလျှင် မြေ၊ အိမ် သို့မဟုတ် ဆိုင်တစ်ဆိုင်ဝယ်ပါ။ ကျေနပ် နှစ်သိမ့်မှုကို အံ့ဩလောက်စွာခံစားရလိမ့်မည်။

As soon as you own a piece of land or a home or a shop, you will have a wonderful felling of satisfaction.

လုပ်ငန်းတစ်ခုမှာ အစုရှယ်ယာ ဝယ်ထားခြင်းလည်း ကောင်းပါသည်။ သို့သော် အိုးအိမ်၊ ခြံမြေ၊ လုပ်ငန်းတစ်ခုခုကို ပိုင်ဆိုင်ရသည်က ပိုပြီး နှစ်ခြိုက်ကျေနပ်ရသည်။

○ **ရည်မှန်းချက်ရှိလာပြီဆိုလျှင်**

ရည်မှန်းချက် ကြီးကြီးမားမားနှင့် အရည်အချင်းရှိလာပြီ ဆိုလျှင် ထိုက်တန်သော အဆင့်မြင့်တစ်နေရာအသင့် ရှိနေတတ်ပါသည်။

For every ambitious young man, there is a high position ready for him as soon as he is fit for it.

mgyoe.com

mgyoe.com


○ လူတစ်ဦးမှာ အလုပ်နှစ်ခု

ရည်မှန်းချက်ရှိသော လူငယ် မောင်မယ်တိုင်းမှာ အလုပ်နှစ်ခုရှိသည်။ လစာရနေသော လက်ရှိအလုပ်နှင့် လက်ရှိလစာထက် ဝင်ငွေမြင့်မားသောအလုပ်အတွက် ရည်မှန်းပြင်ဆင်နေသော အချိန်ပိုအလုပ်တစ်ခု။
သင့်အနာဂတ်မှာ ဤဒုတိယအလုပ်အပေါ်မှာတည်သည်။

Every young man, if he has any ambition in him, has two jobs.

One is to earn his present pay, and the other is to fit himself for higher pay.
This second job, on which his future depends, must be done in his spare time.

○ ရာထူးကြီး၊ လုပ်ငန်းကြီးတွေက ပိုပြီးများပါသည်

အရည်အချင်း ကြီးကြီးမားမားရှိသူ နည်းသည်။
ရာထူးကြီး၊ လုပ်ငန်းကြီးတွေက ပို၍များသည်။
အရည်အချင်း ကြီးမားသူများထက် ရာထူးကြီးလုပ်ငန်းကြီးတွေရဲ့ အရေအတွက်က ပိုပြီး များပြားနေတတ်ပါသည်။

There are always some big positions than there are big men to free them.

mgyoe.com

mgyoe.com


○ အချိန်ပိုကို ဘယ်လို သုံးပါသလဲ
သင့်အချိန်ပိုကို ဘယ်လိုသုံးပါသလဲ။ သင် အသက် ၄၀ သို့မဟုတ် ၅၀ မှာ ဘယ်အခြေအနေ ရောက်မည်ဆိုတာ ယခုအချိန်တွင် သင်၏အချိန်ပိုများကို ဘယ်လိုအသုံးချနေသလဲဆိုသည့် အချက်အပေါ် အဓိကမူတည်ပါသည်။

Your future
Where you will be at forty or fifty mainly depends on what you do in your spare time.

○ ဈေးသည်စိတ်မွေးပါ။
ဈေးရောင်းပညာသင်ပါ။
ဈေးသည်စိတ်မွေးပါဟု တိုက်တွန်းလိုသည်။ ဈေးသည်စိတ်မရှိသဖြင့် အရည်အချင်းရှိသူအတော်များများ အောင်မြင်မှုမရကြ။ ရပြန်တော့လည်း နည်းနည်းပါးပါးလောက်သာ ရနေကြသည်။

My advice to any man in any position is study salesmanship.
For lack of knowledge of salesmanship, many a clever man has made only a small success.

○ အိမ်ပေါက်စေ့လိုက်ရောင်းပါ
အသက် ၂၀ အရွယ် လူငယ်ကို ပြောချင်တယ်။ အိမ်ပေါက်

mgyoe.com

mgyoe.com


စေ့လည်ပြီး ပစ္စည်းရောင်းတဲ့အလုပ်ကို တစ်နှစ်လုပ်ပါ။
ပိုက်ဆံရမယ်၊ ပိုပြီးတန်ဖိုးရှိတဲ့ "အတွေ့အကြုံ" လည်း ရမယ်။
အိမ်ပေါက်စေ့ လိုက်ရောင်းတာမျိုးကို တိုက်ရိုက်ရောင်းတဲ့
နည်းက ရတနာသိုက် တူးရသလိုပါပဲ။
စိတ်လှုပ်ရှားရတယ်၊
စိတ်ပျက်ရတယ်၊
အောင်မြင်မှုတွေရတယ်၊
တစ်ရက်နဲ့ တစ်ရက် ဘယ်တော့မှ မတူဘူး။
အိမ်ရှင်တွေ နှင်တတ်တဲ့နည်း ၅၇ နည်းကြီးများတောင်
ရှိတယ်။
အဲ....လူတွေကို ဘယ်လို "ကိုင်" ရမယ်ဆိုတဲ့ ကျွမ်းကျင်
မှုတော့ ရပါတယ်။

## ○ မေခလာကို မမျှော်နှင့်

လက်ရှိအလုပ်ကို မနှစ်ခြိုက်၊ လျစ်လျူရှုပြီး မေခလာကို
မျှော်မနေနှင့်။ တိုးတက်မှု လုံးဝမရှိ၊ လုံးပါးပါးသွားလိမ့်
မည်။

The youngman who dislikes and neglects his present job and waits for a fairy godmother to come and pick him up he will likely stay where he is and have no career at all.

## ○ လှုပ်ရှားသူသာ ရာထူးတက်သည်

"ရာထူးတက်စေတဲ့ အကြောင်းတရားရဲ့ သုံးပုံနှစ်ပုံဟာ
လှုပ်ရှားခြင်းပါ။

mgyoe.com

mgyoe.com


Two-thirds of **Promotion** consists of **Motion.**

○ အရေးကြီးတာက
လောလောဆယ် အရေးကြီးတာက လက်ရှိအလုပ်ကို ပိုပြီး ကောင်းအောင် ဘဝတူ လုပ်သားထက် ကျော်အောင် လုပ်ဖို့ပါ။

The main object, at the moment, should be to do present job better than anyone else has done it.

○ သွားပြီ
လက်ရှိအလုပ်မှာ နည်းသစ်တစ်ခုခု ကြံဆတီထွင်ပါ။
ဒီလိုမှ မလုပ်နိုင်ရင် သင့်ဘဝတော့ "သွားပြီ"။

If you refuse to attempt anything that you have not done before, you are done.

○ အတွေ့အကြုံကို ပိုက်ဆံနှင့် မဝယ်ပါနှင့်
တခြားလူထံမှာ အလုပ်လုပ်ပြီးယူပါ။ စာဖတ်ပါ။
အတွေ့အကြုံကို ကိုယ့်ပိုက်ဆံနဲ့ ရင်းပြီး ယူရမယ်ဆိုရင် အတွေ့အကြုံတွေ ရပြီးတဲ့အချိန်မှာ သင့်မှာ ပိုက်ဆံကျန်တော့မည် မဟုတ်ပါ။
အောင်မြင်သွားသူတွေဟာ ကိုယ့်အတွေ့အသိကို အားပြု

mgyoe.com

mgyoe.com


သွားခဲ့သူတွေပါ။
ကာနက်ဂီတ–သံမဏိ
ရောကေးဖဲလား–ရေနံ
လီဘာဟွန်းက–ဆပ်ပြာ
အလားမန်းက–သဘော်
စသည်ဖြင့် ကိုယ်သန်ရာကို စွဲစွဲမြဲမြဲ အားပြုလုပ်ကိုင်ပြီး ကြီးပွားသွားကြသည်။

The men who have made the biggest successes have been men who stuck to what they knew.

○ လူ့အုပ်ထဲကနေပြီး ရှေ့ထွက်သွားတဲ့လူကို လှောင်ကြ ပြောင်ကြပါတယ်

မိမိနဲ့အတူရှိနေတဲ့ လူအုပ်ထဲက ရှေ့ထွက်သွားကြည့်ပါ။ လူအုပ်ထဲက လူအနည်းအကျဉ်းက သံသေးသံကြောင်နဲ့ ပြောင်လှောင်ကြစမြဲပါ။

When a man moves ahead of the crowd he is in, he will always have a few jeers thrown at him.

○ တစ်နေ့နေ့မှာ ကြီးပွားရမယ်ဆိုတာ

တစ်နေ့နေ့ တစ်နေရာရာမှာ ကြီးပွားရမယ်ဆိုတာ ဒီနေ့ ဒီနေရာ၊ ဒီအခြေအနေက စရတာပါ။

mgyoe.com

mgyoe.com


...(don't forget that)
The road to "Some Day" starts from where he is.

○ လေ့လာခြင်းကို မရပ်ပါနှင့်

ပညာရည်နို့ ဆက်လက်ပြီး သောက်စို့ပါ။
Keep learning.
နှစ်နှစ်ခြိုက်ခြိုက်သောက်ပါ။ မကြာခဏ ဆက်ကာဆက်ကာ တစ်ငုံနှစ်ငုံတော့ သောက်မြဲ သောက်ပါ။
Take a few sips every now and then.
ပညာမတိုးတော့လျှင် သင်သည် တစ်ပါးသူ၏ နောက်သို့ အမှတ်မထင် ရောက်သွားပါပြီ။
Stop learning.
From that moment you begin to slip behind.

○ စာအုပ်ကောင်းတွေ ဝယ်ပါ

စာအုပ်ကောင်းတွေမှာ ငွေရင်းနှီးခြင်းသည် အခြားနည်းထက် ပိုပြီးအတိုးငွေများ ရရှိတတ်သည်။ တစ်ခါတစ်ရံတွင် အဆတစ်ထောင်မျှပင် ရတတ်သည်။

Money invested in good books pays a higher divided than money invested in anything else-sometimes one thousand percent or more.

mgyoe.com

mgyoe.com


○ **အမှန်အကန် ချွေတာရေး**

ချွေတာဖို့ လိုအပ်လျှင် စာအုပ်ဖိုးမှာထက် မိမိသုံးစားနေကျ ပစ္စည်းအမျိုး နှစ်ဆယ်မှာ အသုံးစရိတ်လျှော့ပါ။

If you must economic, you shohld cut down your expenditure on twenty other things before you cut down your book money.

○ **နည်းကောင်းတစ်ခုရှာပါ**

နည်းကောင်းတစ်ခုရှာပါ။ ရလာသောအခါ ထိုနည်းအတိုင်း ကျင့်သုံးပါ။ **ADOPT.**

အခြေအနေနှင့် ညှိပါ၊ ပြုပြင်ပါ။ **ADAPT.**

ထိုနည်းကိုပင် ပိုပြီးကောင်းအောင် လုပ်ပါ။

**IMPROVE.**

တီထွင်သူများစွာသည် တစ်ပါးသူများ၏ နည်းများကို လိုသလို ပြုပြင် **(ADAPT)** အောင်မြင်သွားခဲ့ကြသည်။

Most inventors have been adapters.

(လျှပ်စစ်ဓာတ်အားကို လိုသလို ပြောင်းလဲနိုင်သောအရာ **adapter** ဟုခေါ်သည် မဟုတ်လား)

○ **လုပ်ရဲရမည်**

အလုပ်တစ်ခု ဖြစ်မြောက်အောင် လုပ်ခြင်းမှာ လုပ်ရဲခြင်း ဖြစ်သည်။

You must DARE to do it.

mgyoe.com

mgyoe.com


○ လမ်းပိတ်နေသလား

မိမိ သွားရာလမ်းမှာ လူတွေ ပိတ်ဆို့နေတတ်သည်။
တွန်းဖယ်ပစ်ရမည်။ တိုးဝှေ့သွားရမည်။

As soon as you start your way up in the world, you will find that a lot of people stand in his way. Push your way ahead.

○ လျှော့ဈေးနှင့် မရနိုင်

ကြေးကြီးပေးယူရသော အရာမှာ
အောင်မြင်ခြင်းဖြစ်သည်၊ အောင်မြင်ကျော်ကြားမှုကို လျှော့ဈေးနှင့် အချောင်မရနိုင်ပါ။

A successful man pays a high price for his success.

He does not pick up fame in a bargain basement.

○ ယူတတ်မည်ဆိုလျှင်

နိုင်သူရော၊ ရှုံးသူထံမှပါ ပညာရသည်။
နိုင်သူက ဘာလုပ်ရမည်ကို ညွှန်းသည်။ ရှုံးသူက ဘာမလုပ်ရဆိုသည်ကို သင်ပြသည်။

Winners teach us what to do.
Losers teach us what NOT to do.

mgyoe.com

mgyoe.com


○ ရာထူးတက်ချင်ရင်

"ကျွန်တော့်အလုပ်က အတော်လက်ဝင်တယ်ဗျာ။ အလုပ်က စတိုးဆိုင်စာရေးပါ"

ဒါဆိုရင် သည်လူငယ်ဟာ ပုရွက်ဆိတ်ကလေးတစ်ကောင် သစ်သားပေါင်ကို တွန်းနေရသလို ဖြစ်နေပြီ။

စာရင်းကိုင်အတတ်ပညာကို စာအုပ်ဝယ်ပြီး သင်ပါ။ ဒါမှမဟုတ် သင်တန်းတက်ပါ။

ကိုယ်လုပ်ရတဲ့အလုပ်က ကိုယ့်ထက်ကြီးမားနေပြီဆိုရင် လိုအပ်တဲ့ လေ့ကျင့်သင်ကြားမှုပြုနိုင်မှ ရာထူးအဆင့် တိုးလိမ့်မည်။ ဒါဟာ ရာထူးတိုးခြင်းရဲ့ လျှို့ဝှက်ချက်ပါ။

To grow bigger than the job is the secret of promotion.

○ လူငယ်မောင်မယ်များ စဉ်းစားကြပါ

အသက်နှစ်ဆယ်အရွယ်ကိုသာ ပြန်ရနိုင်မယ်ဆိုရင် ခြောက်ဆယ်ကျော်ကြီးတွေဟာ ဘာမဆို ပေးပါ့မယ်တဲ့။

ငယ်ရွယ်သူတွေဟာ ဘယ်သူမှ ဘယ်အကြောင်းနဲ့မှ ပြန်မရနိုင်တဲ့ (အချိန်အရွယ်)ဆိုတဲ့ ဘဏ်တိုက်ပိုင်ရှင်ကြီးတွေပါ။

The young man of twenty has one peculiar advantage probably fifty years in the bank of Time. Why don't young men think of that?

mgyoe.com

mgyoe.com


○ လူဆိုတာ သစ်ပင်မဟုတ်ပါ

နေရာမှား ရောက်နေပြီး မိမိနှင့်မသင့်လျော်တဲ့ အလုပ်ကို ဝင်လုပ်နေမိပြီဆိုလျှင် ထိုအလုပ်မှ ရွှေ့ပြောင်းပစ်ဖို့သာ ရှိသည်။

လူသည် သစ်ပင်မဟုတ်၊ ရွှေ့လျားနိုင်သည့် အရည်အချင်း ရှိသည်။

If a man finds that he is misplaced,
HE CAN MOVE,
HE IS NOT A TREE.

○ အခွင့်အလမ်း အများဆုံးခေတ်ပါ

သည်ခေတ်ဟာ အခွင့်အလမ်း အများဆုံးခေတ်ပါ။

Never before has a man such a chance to win fame and fortune as to day.

○ လုပ်ငန်းခွင် အပြင်ဘက်က လူတွေ တီထွင်သွားတာပါ

ဆန်းတာတစ်ခုရှိသေးရဲ့။ တီထွင်ဆန်းသစ်မှုတွေဟာ လုပ်ငန်းခွင်ရဲ့ အပြင်ဘက်ကလူတွေ လုပ်သွားတာတွေများတယ်။

လူ့ရဲ့ဦးနှောက်ကလည်း တစ်ခါတစ်ခါကျတော့ စဉ်းစားလေ ခြောက်ခန်းသွားလေ ဖြစ်တတ်ပါတယ်။

mgyoe.com

www.mgyoe.com


ဒီသဘောအရ လုပ်ငန်းနဲ့ မဆိုင်လှတဲ့လူက တီထွင်ဖြစ်သွားတာပါ။

တစ်ခါတုန်းက...

ဆရာဝန်တစ်ယောက် နှိုးစက်နာရီသစ် ထွင်လိုက်ပါတယ်။

ရုပ်ရှင်မင်းသမီးက ရာသီဥတုဒဏ်ခံနိုင်တဲ့ ဖိမ်ခံကုလားထိုင်တစ်ခု ထွင်လိုက်ပါတယ်။

ဘတ်စ်ကားယာဥ်မောင်းက တံတွေးမသီးတဲ့ ဆေးတံတစ်မျိုး ထွင်လိုက်ပါတယ်။

အချုပ်ကတော့ လူမှာမထင်မှတ်တဲ့ အရည်အချင်း ကိန်းအောင်းနေတတ်ပါတယ်ဆိုတဲ့အချက်ပါ။

၀ ပန်းအိုးလေးထဲက ၀က်သစ်ချပင်ကြီးပါ

သေးငယ်တဲ့ အလုပ်ကလေးဟာ လူငယ်အဖို့တော့ အတော်ကြီးမားတဲ့ အလုပ်ကြီးဖြစ်နေတတ်ပါတယ်။

သို့သော် နှစ်သုံးဆယ်ကြာတော့ ထိုလူငယ်လေးဟာ သူပထမလုပ်တဲ့ အလုပ်ထက် အဆမတန် ကြီးမြင့်သွားပါပြီ။

ဆက်၍ ဆက်ကာ ကြီးထွားနေခဲ့တဲ့သဘောပါ။

၀က်သစ်ချပင်ကြီးဟာ ပန်းအိုးထဲက အပင်ငယ်လေး ဘ၀က စခဲ့ရပါတယ်။

Any small job is big enough for a lad at first. In thirty years time, he is a high position. Young men are little oak trees growing in flowerpots.

mgyoe.com

mgyoe.com


○ ဦးဆောင်မှုနေရာ လိုချင်လျှင်
အစွမ်းကုန်တတ်အောင်သင်ပါ။
အစွမ်းကုန်လုပ်ပါ။
သို့မှသာ ဦးဆောင်မှုနေရာကို ရမည်။
KNOW all you can, Do all you can this is sure way to a position to leadership.

○ တန်ဖိုးမြှင့်ပါ ပြီးမှ လုပ်ငန်းစပါ
လုပ်ငန်းတစ်ခုမှာ အောင်မြင်ချင်ရင် မိမိသည် ထိုလုပ်ငန်းမှာ မရှိမဖြစ် အဆင့်၌ ရှိရမည်။
မိမိတန်ဖိုးကို အရင်မြှင့်ပြီးမှ လိုရာလုပ်ငန်းစပါ။

Make yourself invaluable, and then set out to create a business or a profession.

○ ကိုယ်ပိုင်လုပ်ငန်း
မကြာခဏ ကြားရတတ်သည်။
"ကျွန်တော် ကျွန်မ ကိုယ်ပိုင် စီးပွားလုပ်ငန်း လုပ်ချင်တယ်။ တစ်ပါးသူရဲ့ လက်အောက်မှာ မလုပ်လိုပါ"
လုပ်ငန်းတစ်ခုမှာ ထက် အောက် အဆင့်ရှိသည်။
မိမိထက် အဆင့်မြင့်သူ ရှိမြဲဖြစ်၏။
ညွှန်ချုပ်သည် အစုရှယ်ယာရှင်များ၏ ဆန္ဒနှင့်သဘောထားကို လိုက်နာဆောင်ရွက်ရသည်။
သူတို့အားလုံးသည် စားသုံးသူ ဖောက်သည်၏ လိုအင်ကို လိုက်လျောရသည်။

mgyoe.com

mgyoe.com


ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းဆိုသည်မှာ သူတစ်ပါးအကြိုက် လိုက်၍ လုပ်ပေးရသော အလုပ်ဖြစ်၏။

Business means working for others.

○ ဦးနှောက်ထဲမှာ အသိပညာ
ဘဏ်တိုက်ထဲမှာ အသပြာ
ဘဝတက်လမ်း အမိဖမ်းနိုင်ဖို့ သင့်ဦးနှောက်ထဲမှာ အသိပညာပြည့်နေရမည်။
ဘဏ်တိုက်ထဲမှာ သင့်စုငွေ ရှိနေရမည်။

You must
READ and SAVE.
Get knowledge in your head and money in the bank.

အတိုင်းအတာ တစ်ခုထိ သာယာမှု၊ စိတ်ချမ်းသာမှု ရှိရမည်။ သို့သော် အရေးကြီးသည်က ဘဝရှေ့ရေးဖြစ်၏။

There must be a certain percentage of pleasure, man must think of his LIFE.

○ အားလပ်ရက်
တစ်ပတ်ခုနစ်ရက်မှာ ပထမငါးရက်ကို ဦးစားပေး စဉ်းစား။ စနေ တနင်္ဂနွေကို နောက်မှထား။ ဒါမှ ငွေရှာရတဲ့ တောင်တက်အလုပ်မှာ ချောချောမောမောရှိမည်။

mgyoe.com

mgyoe.com


Think more of the week than the week-end if you want to climb as a moneymaker.

○ ငွေရှာရေး လွယ်ကူချင်သလား
မိမိဘက်က ဘာကို ဘယ်လောက် အကျိုးသက်ရောက်အောင် လုပ်ပေးနိုင်မည်ကို တစ်ဖက်လူ သိစေရမည်။ လုပ်ပြရမည်။ ပေးတာနှင့်တန်ပါသည်ဟူသော အသိရှိလာစေရမည်၊ ရလည်း ရနေစေရမည်။

Give a better service. Deserve more and see that you get it.

○ မီးဖိုချောင်က စသည်
ချမ်းသာသွားသူ အတော်များများမှာ မီးဖိုချောင်က စသွားသူတွေဖြစ်သည်။
လူကြိုက်သော အစားအာဟာရတစ်ခု လုပ်ဖြစ်သွားသောအခါ ပထမတော့ မီးဖိုချောင်ပေါ့။ ပြီးတော့ အလုပ်ရုံအဆင့်ထိ ဖြစ်သွားတာပဲ။
လူတွေအကြိုက်ဆုံးတစ်ခုမှာ အစားအာဟာရကောင်းဖြစ်၏။

Many a fortune has begun in the kitchen. First the kitchen and then the factory. The one thing that everyone wants is good food.

mgyoe.com

mgyoe.com


○ အသက်တစ်ရာ မနေရပါ

အသက်တစ်ရာ မနေရပါ။ ပျှမ်းမျှသက်တမ်းမှာ ၅၇ နှစ်သာဖြစ်သည်။ ထို့ကြောင့် လိုအပ်သော အတွေ့အကြုံ ကိုယ်တိုင် လက်တွေ့လုပ်ကြည့်ဖို့ထက် တစ်ပါးသူ၏ အတွေ့အကြုံများကို အသုံးချပါ။ ဘဝက တိုတောင်းလှပါသည်။

အောင်မြင်သူများ၏အတွေ့အကြုံ များစွာများစွာ ရှိပါသည်။

Life is short.
The length of average life is fifty-seven.
To have a quick success here's the secret of it, learn from the secret of others.

○ အသက် ၂၅ နှစ်ပြည့်ပြီးသူများ လက်ထပ်ကြပါ

ကိုယ်ပိုင်မိသားစု စောစီးစွာ ရှိသင့်သည်။ တခြား မည်သည့် အရာသာနှင့်မျှ နှိုင်းယှဉ်၍ မရပါ။

တစ်ဦးအကြိုက် တစ်ဦးညှိနှိုင်း လိုက်လျောရခြင်းနှင့် ချွေတာသမှုပြုရခြင်းသည် လောကအခက်အခဲများ ရင်ဆိုင်နိုင်ရေး အတွက် အမာခံအရည်အချင်းများဖြစ်သည်။

If you are 25 and engaged to be married.
don't wait too long.
On all the world there is nothing better than a home of your own.

mgyoe.com

mgyoe.com


A home makes up for many things that have to be given up.

○ **စီးပွားရေးလုပ်ငန်းဆိုတာ**
အခွင့်အလမ်းတစ်ခုမျှသာပါ။
စီးပွားရေးလုပ်တိုင်း ချမ်းသာမည်ဟု ထင်မှတ်မှားကြသည်။
အမြတ်ရှိသလို အရှုံးနှင့်လည်း ရင်ဆိုင်ရတတ်သည်။

Professional people and wage. earners have a delusion that a business is a sure way to make money.

Business is just a CHANCE, a chance to make money or lose it.

○ **စီးပွားရေးလုပ်ချင်ရင်**
အသိပညာရော ကျွမ်းကျင်မှုပါ ရှိရမည်။ အဓိကအချက်ပါ။

Business requires KNOWLEDGE and SKILL. That is the important fact.

○ **ရည်မှန်းချက်မရှိသူသည် ဆန်ကုန်မြေလေး**
ရည်မှန်းချက်မရှိသူများ မကြီးပွားသည်မှာ သူ့ကိုယ်သူသာ အပြစ်တင်ရမည်။

mgyoe.com

mgyoe.com


ရည်မှန်းချက်မရှိသူသည် သူ့မွေးရပ်မြေနှင့် မထိုက်တန်။
ဆန်ကုန်မြေလေးဖြစ်၏။

A Young man who is not ambitious has only himself to blame.
If he is not ambitious he is not worthy of the land of his birth.

၀ တစ်နေ့သုံးခု အရင်းပြု

ကျွန်ုပ်ရဲ့ ၁၆ နှစ်ရွယ်သားကို ဆွစ်ဇာလန် ပို့ပြီး ကတ်ပြား တစ်ခုပေါ်မှာ အောက်ပါ စည်းမျဉ်းသုံးချက်ပေးလိုက်သည်။

(၁) နေ့စဉ်
တစ်ခုခု သင်ယူပါ၊
ဗဟုသုတရလိမ့်မည်။
(၂) နေ့စဉ်
တစ်ခုခု ဖန်တီးပြုလုပ်ပါ၊
တန်ဖိုးတစ်ခုခု တိုးလိမ့်မည်။
(၃) လူတိုင်းကို ရိုသေပါ၊
စိတ်စေတနာကောင်းများ ရရှိလိမ့်မည်။

-Learn something everyday then you'll have KNOWLEDGE.
-Create something everday, then you'll have VALUE.
-Show deference to everyone then you'll have GOODWILL.

mgyoe.com

mgyoe.com


○ **အပြောင်းအလဲတိုင်းမှာ**
**အခွင့်အလမ်းတွေ တိုးလာတတ်သည်**

အပြောင်းအလဲရှိလာလျှင် အခွင့်အလမ်းသစ်တွေ တိုးလာမြဲ ဖြစ်သည်။
(ယနေ့ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေး ဖြစ်လာတော့ အခွင့်အလမ်းသစ် တိုးခဲ့ပြီ မဟုတ်လား)
အပြောင်းအလဲနှင့် အစီအစဉ်ကို အမြဲသတိထားနေရမည်။

Changes mean OPPORTUNITIES for keen-eyed men who notice the trend of things.

○ **ပြင်းပြသောဆန္ဒ**

စိတ်ဓာတ်စွမ်းအား မပါသောဆန္ဒများသည် အချည်းအနှီး ဖြစ်သည်။ သူသူငါငါ ဆန္ဒကိုယ်စီရှိကြသည်။ သို့သော် ဆန္ဒရှိသလောက် ဖြစ်ဖြစ်မြောက်မြောက် မလုပ်ကြသဖြင့် လိုရာမရောက် ကြံရာမရ ဖြစ်နေကြ၏။

Almost everybody has wishes, but very few people resolutely (ခွဲသန်သန်နှင့်) set out to get what they want.

○ **ဆန္ဒဆိုတာ မျိုးစေ့ပါ**

ဆန္ဒများသည် မျိုးစေ့များနှင့် တူ၏။ အောင်မြင်သွားသော လုပ်ငန်းတိုင်းမှာ ဆန္ဒက အစပြုသည်။

mgyoe.com

mgyoe.com


Wishes are like seeds. Every successful career started with wishes.

○ ဆန္ဒကိုဘဏ်မှာ သွားလဲ၍ မရပါ
ဆန္ဒကို ဘဏ်မှာသွားပြပြီး ငွေထုတ်၍မရပါ။ ဒါလောက် မလွယ်ပါ။

You cannot take your wishes to the bank and cash them. Nothing as easy as that.

○ မျိုးစေ့ဆို စိုက်မှ ပျိုးမှ
ဆန္ဒဆို ကြံစည်မှ လုပ်ကိုင်မှ
မျိုးစေ့ကို စိုက်မှ ပျိုးမှ အသီးအပွင့်ရမည်။
ဆန္ဒသည်လည်း ထိုနည်းတူ စိတ်သဏ္ဍာန်မှာ ထက်သန်နေကာ ဖြစ်မြောက်အောင် လက်တွေ့လုပ်ရမည်။

Seeds are no good until you plant them, and wishes are no good till you form a strong purpose in your mind to get what you want.

○ ဆန္ဒနှင့် ဇွဲ
ပေါင်းစပ်နွဲမှ လိုရာရမည်။ ဆန္ဒပထမ ဒုတိယဇွဲ။ မလွဲမသွေ ရှိနေရမည်။

First come wishes. Then come will power.

mgyoe.com

mgyoe.com


Most people lack will power it is a hard thing to do.
(will power မှာ အဓိဋ္ဌာန်၊ စိတ်ဓာတ်စွမ်းအား၊ စွဲမြဲမှု၊ ဇွဲ စသည့် အဓိပ္ပာယ်များ ပါရှိသည်။)

○ **ဇွဲကောင်းချင်သလား**

ဇွဲကောင်းချင်သလား...
စိတ်ဓာတ်အင်အား တိုးပွားချင်သလား.... တစ်ခုခုဖြစ်မြောက်အောင် စလုပ်ပါ။
အတတ်ပညာ အသိပညာတစ်ခုခု စတင်သင်ယူ လေ့ကျင့်ပါ။ ရှိပြီးသား တစ်ခုခုကို ပိုပြီးကောင်းအောင်လုပ်ပါ။
ထာဝရမြဲသော အောင်မြင်မှု ရလာလိမ့်မည်။

The way to get WILL POWER.
-set out to do something, or
-study something or
-improve something
This is the secret of permanent success.

○ **တစ်ခုခု လုပ်ဖြစ်သွားပြီဆိုလျှင်**

ကိုယ်ပိုင်အရည်အချင်းတွေကို ကိုယ်တိုင်သိမြင်လာမည်။
မိမိ၏ဆန္ဒများလည်း ပီပြင်တိုးပွားလာမည်။
ဆန္ဒအလျောက် ဖြစ်မြောက်လာမည်။

If you set out doing something,

mgyoe.com

mgyoe.com


You begin to appreciate your own abilities.
You set yourself more defficult tasks.
You begin to get the things you want.

○ လူတိုင်းထံမှ ပညာရသည်
လူချင်းတွေ့လျှင် စကားတွေသာ ဖောင်ဖွဲ့ပြောတတ်ကြသည်။ ပညာတစ်ခုခု၊ သိမှုတစ်ခုခု ရရှိနိုင်သည်ကို သတိမထားမိကြပေ။
ကျွန်ုပ်အဖို့ကတော့....
ဘတ်စ်ကား လက်မှတ်ရောင်းနှင့် ဟိုတယ်စားပွဲထိုးထံမှ ဆောင်းပါးရေးရန် အတွေးစများ မကြာခဏရလျက် ရှိပါသည်။

I often get a suggestion for an article from a bus conductor or a hotel boy.
တစ်ဖက်သားနှင့် စကားပြောတိုင်းမှာ အခွင့်အလမ်းကလေး တစ်ခုခု ရှိလာတတ်သည်။
Every conversation is a little opportunity.

○ ပျော်ရွှင်မှုနောက်သာ လိုက်နေလျှင်
ပျော်ရွှင်မှု တစ်ခုပြီးတစ်ခု လိုက်နေမိလျှင် မကြာခင်ဘဝကို ငြီးငွေ့လာလိမ့်မည်။

If you go from one amusement to another, you will soon be bored with life.

mgyoe.com

mgyoe.com


○ ပထမပေါင်တစ်ရာသာ စုရခက်တာပါ

ပထမပေါင်တစ်ရာသာ အစုရခက်တာပါ။ မုုးစု၊ ပဲစု၊ ပြားစု စုခဲ့ရတတ်သည်။ အစားအသောက် အသုံးအစွဲလည်း ချွေတာခဲ့ရသည်။

စိတ်ဓာတ်အင်အားနှင့် ဖွဲနပဲကြီးစွာ စိုက်ရ၏။

ပေါင်ငွေတစ်ရာကို အရင်းပြုရင်တော့ အလုပ်ဖြစ်ပါပြီ။

ရှေ့တစ်ဆင့်တိုးဖို့သာ ရှိတော့၏။

The first £ 100 is hardest to get. It is the reward of will-power and selfdenial.

With £ 100 as capital you can push for ward.

○ အရှယ်မလွန်ခင် မြင်တတ်ပါမှ

ပျို့ရွယ်စဉ်မှာ မိမိအရည်အချင်းကို အတိုင်းအတာအပြည့် အထိ မသိမမြင် မဆင်ခြင်မိတတ်ကြဘဲ အရွယ်လွန်ခါမှ လွတ်သွားသော အခွင့်အလမ်းတွေ တွေ့သွားတတ်ကြသည်။ လွတ်တဲ့ငါးတွေကြီးလိုက်သည်ဖြစ်ခြင်း။

အရွယ်မလွန်ခင် မြင်တတ်သူတွေကျတော့ နေ့ချင်း ညချင်း အောင်မြင်ခြင်းများစွာ ရင်ဆိုင်မိသွားတော့၏။

When it is too late they see the chances they have missed they see what they might have been, and what they have done.

The few who do see their chances, climb to the top in their jobs and businesses.

mgyoe.com

mgyoe.com


○ အချိန် ဆိုတာက
သူ့ချည်းသက်သက်ဆို ဘာမှမဟုတ်ပါ။ အချိန်ကို ဘယ်လို အသုံးချဖြစ်တယ်ဆိုတာသာ ပဓာနပါ။

In itself, time is nothing It is what use we make of it that counts.

○ အသက် ၂၀ နှင့် ၈၀ ကျော်
သက်ရွယ်နှစ်ဆယ် လူငယ်တစ်ဦးက ဘာသာရပ်တစ်ခုကို လေ့လာ၍ အသိတရားများစွာ ကြွယ်ဝသွားနိုင်သော်လည်း သက်ရွယ်ရှစ်ဆယ်အထိ မြက်လျှောမြွေလို နေထိုင်လာခဲ့သူမှာ ဘာအသိတစ်ခုမှ တန်ဖိုးရှိမည်မဟုတ်ပေ။

A Young man of 20 who studies hard for two years will know more than the old man of 80 who dirfted along life like a reptile.

○ အိုင်တစ်အိုင်ထဲမှာ အကြီးဆုံးငါးသာ
အများဆုံး စားရသလို
စီးပွားရေးနယ်မှာလည်း ထိုနည်းတူ ဖြစ်သည်။
အိုင်တစ်အိုင်မှာ ဖားကလေးတွေ ဖားကြီးတွေ စုနေကြရာတွင် အကြီးဆုံးဖားသာ အများဆုံးစားသောက်ရတတ်သည်။

It is the biggest toad in a pond that has more opportunities for food and drink.

mgyoe.com

mgyoe.com


○ ခက်ခဲသောအလုပ်မှာ
အခွင့်လမ်းကောင်းဖြစ်သည်
လုပ်ရသော အလုပ်တစ်ခု ခက်ခဲလာပြီဆိုလျှင် မိမိရဲ့ကိုယ်ပိုင်အရည်အချင်းတွေ တိုးဖို့၊ ဖွံ့ဖြိုးဖို့ လိုအပ်လာပြီဟု နားလည်ရမည်။ ခက်ခဲသောအလုပ်သည် ကိုယ့်အစွမ်းအစကို ပြသဖို့ရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်၏။
A hand job is always a fine opportunity for SELF-DEVELOPMENT.

○ နားထောင်ပါ
စကားပြောကောင်းသူ ဖြစ်ချင်တယ်လား။ နားထောင်ပါ။ Listen! တစ်ဖက်သား စကားပြောနေတဲ့အခါ သူဖြေနိုင်မယ့် မေးခွန်းတွေမေးပါ။ အားတက်သရောမေးပါ။ သူ့အကြောင်းသူ ပြောကောင်းကောင်းနဲ့ ပြောဆိုနေတာကို တကယ် စိတ်ဝင်စားမှုပြပါ။

Be a good listener, you'll become a good conversationalist.

Ask questions and show a keen interest in what the other person says about himself.

○ စီးပွားရေးကမ္ဘာမှာ
နောက်တစ်ဆင့် ဘာဆက်လုပ်ရမည်ဆိုတဲ့ ထိုးထွင်းဉာဏ် wisdom;

mgyoe.com

mgyoe.com


ဘယ်လိုလုပ်မယ်ဆိုတဲ့ ကျွမ်းကျင်မှု skill အကျိုးတရားကတော့ အမြတ်အစွန်းပါ။

Profit is the result of doing it.
It is not where you are that matters, but what you Do!

၀ ဘာလုပ်စရာ ကျန်သေးပါလိမ့်

လက်ရှိအလုပ်မှာ ဘာလုပ်စရာ ကျန်သေးပါလိမ့်၊ တွေးကြည့်၊ ရှာကြည့် တစ်ခုခု တွေ့ရလိမ့်မည်။ လုပ်ကြည့် မကြာမတင်မှာ ရာထူးအဆင့် မြင့်လာဖို့ ဖန်လာလိမ့်မည်။

What could I do more in my job?
Work more efficiently? I did and in two months I was promoted to a higher position.

ရှာရှာဖွေဖွေ တွေးပါ၊ ကြံပါ၊ တိုးချဲ့စရာ ပြုပြင်စရာတွေ့မှာပါ။

And that is the OPPORTUNITY

အခွင့်အလမ်းဆိုတာ အဲဒါပါ။

❁ ❁ ❁

mgyoe.com

mgyoe.com

# အပိုင်း (၂)

## စီးပွားရေး

၁ **BUSINESS**

အချစ်ပြီးရင် စီးပွားရေးဟာ ကမ္ဘာမှာအရသာအရှိဆုံး တစ်ခုပါ။

စီးပွားရေးသည် လူ့ယဉ်ကျေးမှုကို ဖန်တီးသလို လူ့ယဉ်ကျေးမှုကို ထိန်းကျောင်းစောင့်ရှောက်သည်။

နိုင်ငံတစ်နိုင်ငံ

လူမျိုးတစ်မျိုးကို အနေအထား၊ အင်အားကြီးမားအောင် ပျိုးထောင်တည်ဆောက်သော စီးပွားရေး။

ကမ္ဘာဖျက်ခဲ့တာ စီးပွားရေးသမားတွေ မဟုတ်ပါ။

Next to LOVE.
BUSINESS is the greatest and best in the world.

mgyoe.com

mgyoe.com


It is the creator and preserver of civiliation Business men have built up every great nation and they have never destroyed one

○ ဈေးရောင်းလျှင်

ဈေးနှုန်းတစ်မျိုးသာ ရောင်းတတ်သူသည် ဈေးရောင်းကျွမ်းကျင်သူ မဟုတ်ပါ။ တစ်ကျပ်ကို ပြားတစ်ရာနှင့် လဲလှယ်ခြင်းမျိုးသည် စီးပွားရေးမဟုတ်ပါ။

To sell on price that is no salesmanship at all going 100 pays for a kyat is no business.

○ စီးပွားရေးမှာ ပညာကုန်တတ်သူမရှိ

စီးပွားရေးပညာမှာ သိက္ခာရှိတာ ဤအချက်ပါ မည်သူမှ ပညာကုန်မတတ်ပါ။

သိအပ် တတ်အပ်တာတွေမှာ အဆုံးမရှိပါ။

တစ်ပတ်မှာ တစ်ခါမက သိစရာ၊ ရယူစရာ အရည်အချင်း တစ်ခုခု တွေ့ရတတ်သည်ချည်းပါ။

○ ဖောက်သည်စုပါ

အချို့က စုဆောင်းတာ ဝါသနာပါ၍ စာအုပ်စုကြ၊ ကြိုက်ရာ ပစ္စည်းတွေ စုဆောင်းတတ်ကြသည်။

စီးပွားရေးမှာတော့...

ဖောက်သည်စုရတာ အရသာရှိလှ၏။

mgyoe.com

mgyoe.com


We can have have pleasure in business.
That is collecting customers.

○ ကြော်ငြာရဲ့ အရသာ
ဖောက်သည် စုဆောင်းမိဖို့ ကြော်ငြာရသည်။
စီးပွားရေး ကစားနည်းကောင်းတစ်ခုမှာ...
ကြော်ငြာနှင့် ဖောက်သည်တို့ရဲ့ ကွင်းဆက်ပါ။
The game of business consists of collecting coustomers.
Advertising and salesmanship are really valuable links.

○ အတောင်ကျွတ်ငှက်လို
ဟာသစိတ်မရှိတဲ့ အရောင်းစျေးသည်ဟာ အတောင်ကျွတ်ငှက်လိုပါပဲ။
A salesman without a sense of humour is like a bird without feathers.

○ ဖောက်သည်နှင့် ထိတွေ့နေမှ
စျေးရောင်းမှု အနုပညာဟာ ဖောက်သည်နဲ့ ထိတွေ့နေတာကို ဆိုလိုပါသည်။ ဖောက်သည် လိုချင်တာသိပြီး ဝယ်ဖြစ်အောင် ဆွဲဆောင်ဖို့ပါပဲ။

Salesmanship is the art of getting in touch with a possible customer and helping him to buy what he needs.

mgyoe.com

mgyoe.com


○ **မနေ့ကတွေကို ရိုက်ချိုးပစ်ပါ**

ရည်မှန်းချက် ထက်ထက်မြက်မြက်နဲ့ မှန်မှန်လှုပ်ရှား နေဖို့အတွက်
မနေ့ကတွေကို ရိုက်ချိုးပစ်ပါ။
သည်ကနေ့များကို အာရုံစိုက်ပါ။
ဒါဆိုရင် ရက်သတ္တပတ်တိုင်းဟာ ကောင်းမှာချည်းပါ။

The steady job of a ambitions salesman is to best his yesterdays.

Concentrate on To-day, and there will surely be a good week.

○ **ဈေးခေါ်ကောင်းမှ ရောင်းကောင်းမည်**

ခေါ်သူရှိမှ လာသူရှိမည်။ အရောင်းဆိုတာ ဝယ်သူရှိမှ ဖြစ်မည်။ ဝယ်သူကို ဖိတ်ခေါ်ပါ။ ပိုက်ဆံပေးဝယ်မည့်သူ အာရုံကိုဆွဲဆောင်ဖို့ စဉ်းစားကြပါ။

Bisiness comes and goes. To all efficient shops and it firms it COMES.
How to attract the favourable attention of people who have money to spend?

○ **ဈေးနှုန်းဆိုတာ နာရီချိန်သီးပါ**

တွန်းလိုက်လျှင် မိမိဘက် ပြန်ရောက်လာပါလေရော။

mgyoe.com

mgyoe.com



Price is a pendulum. If you push it, it swings back to you.

○ မသိလို့ ပြောကြတာပါ

စီးပွားရေးသမား အမိုက်အမဲတချို့ကတော့ စာမဖတ်ဘူးတဲ့။ တကယ်တော့ စာအုပ်ကရတဲ့ အတွေးအခေါ်နဲ့ ရင်းနှီးကြီးပွားသွားတာတွေ မနည်းပါ။

Many a beneficent reform improvement has been started by a BOOK.
Yet, some stupid businessmen are still stupid to say,
"I don't read books."

○ တစ်ခါရောင်းရတာက ခဏငယ်ပါ

ကျေနပ်မှုရသွားတဲ့ ဖောက်သည်တွေကတော့ ထာဝရ အပေါင်းလက္ခဏာတန်ဖိုးပါ။

An immediate sale is a temporary advantage, but satisfied customer is permanent asset.

○ စီးပွားရေးလုပ်တာ အမြတ်ရဖို့ပါ

အမြတ်ဟာ စီးပွားရေးလုပ်ငန်းရဲ့ ဗဟိုပါ။ အမြတ်ကိုချိန်တွယ်ပြီး လုပ်ကြတာချည်းပါ။

mgyoe.com

mgyoe.com


စီးပွားရေးလုပ်တာဟာ
ရောင်းချတာ
ကုန်ပစ္စည်း သယ်ယူပို့ဆောင်တာတွေ မဟုတ်ပါ။
အသားတင် အမြတ်ရဖို့ လုပ်တာပါ။

Profit is the bull's-eye of any bisiness.
It is what every man must aim at.
Business does not mean
making goods,
nor selling goods,
nor transporting goods.
It means making a net profit.

○ ပိုက်ဆံဆိုတာ နတ်ဆိုးတစ်ပါးလား

အမှန်က ပိုက်ဆံဟာ နေရောင်ခြည်ပမာပါ။
တစ်ခါတစ်ရံမှာ နေလောင်ခံရတာနဲ့ နေလုံးကြီးကို ဖြိုခွဲပစ်ရမှာလား။

Money is no more evil than sunshine.
Must we abolish the sun because, now and then, some person is sunstuck?

○ လှုပ်ရှားခြင်းသာလျှင် ပဓာန

စီးပွားရေးကမ္ဘာမှာ လက်တွေ့လှုပ်ရှားမှုကို ရှေးရှုမှုမပြုတဲ့ စကားဆိုရင် အရာမရောက်ပါ။ စကားဆိုတာ ကိရိယာ ပစ္စည်းသက်သက်ပါ။

mgyoe.com

mgyoe.com


Nothing count but action. Talk is only a tool. There is no purpose in talk in the business world unless it leads to things being done.

○ **ယှဉ်ပြိုင်မှုကို အကောင်းဆုံးရင်ဆိုင်မယ်**

မိမိက ဦးအောင်နည်းသစ်တစ်ခုခုကို တီထွင်ပြလိုက်ရမယ်။ နောက်လိုက် ချိတ်တွဲဖြစ်၍မရ။

Don't be a trailoer.

မိမိက ဦးဆောင်ရမယ် ဒါမှ နိုင်မယ်။

Beat your competitors in initiative.

သူတို့တစ်တွေ သင့်ခြေဖဝါးအောက်က သဲမှုန့်တွေ စားကြရသလို ဖြစ်သွားအောင် လုပ်ပစ်ရမယ်။

Make them take your does once in a while.

○ **အကောင်းကြီးတွေကြည့်ပြီး ကံကောင်းတာပါဟု မတွေးနှင့်**

အကောင်းကြီးတွေကို အကောင်ငယ်လေးတွေက ပြက်ရယ်မပြုစေနှင့်။ အကောင်ကြီးတွေကြည့်ပြီး တို့များလည်း တစ်နေ့မှာ ကြီးထွားလာရမယ်လို့ ခိဋ္ဌာန်ပါ။

It isn't only a matter of luck.

ကံကြမ္မာသက်သက် မဟုတ်ပါ။

Study the big ones and determine that someday, you too, will be big.

mgyoe.com

mgyoe.com


○ **ရဲသူသာ ရတတ်သည်**

ရဲသူသာ ငွေများစွာ ရှာဖွေရတတ်သည်။ လူအတော်များများ "သတိ" ကြီးလွန်းသည်။
လုံခြုံမှုကို အာရုံပြုလွန်းလျှင် အရှုံးနှင့်သာတွေ့ရတတ်သည်။

The man with the nerve makes the most money.
We all have too much caution.
We play safe and lose by it.

○ **စီးပွားရေး ကြာရှည်ဖင့်နွဲနေ၍ မဖြစ်ပါ**

ဒဿနပညာရှင် သူတော်စင်ကြီးများအဖို့ ဆင်ခြင်တွေးတောကာ ဖင့်နွဲနေခြင်းမှာ သင့်လျော်ပါလိမ့်မည်။
သို့သော် စီးပွားရေးမှာတော့ ကြာရှည်စွာ မပြတ်မသားဖြစ်နေခြင်းမှာ အန္တရာယ်ပါ။

Hesitation may be a virtue among philosophers, but it is a dangerous thing in business.

○ **သိုးတစ်ကောင်နှင့်မှ မျက်လုံးချင်းဆိုင် မကြည့်ရဲလျှင်**

အောင်မြင်တဲ့ အရောင်းစျေးသည် ဘယ်လိုလုပ်ဖြစ်မှာလဲ။
အဖြေကတော့ ရှင်းပါတယ်။ မအောင်မြင်နိုင်ပါ။
သည်လူမျိုး အရောင်းကမ္ဘာထဲက ထွက်သွားတာ ကောင်းပါတယ်။

mgyoe.com

mgyoe.com


ခြေတစ်ပေါင်ကျိုးကမှ သူ့ထက်ကောင်းစွာ ဘောလုံးကစားနိုင်ပါလိမ့်မယ်။

How can a man who hasn't the corrage to look a sheep in the face be a successful salesman.
The answer is he can't. He should keep out the selling game. As well might a cripple try and play football.

○ **စီးပွားရေးဆိုတာ နှာခေါင်းရှုံ့စရာမဟုတ်**
စီးပွားရေးကို အပြစ်တင်နေကြခြင်းဟာ သူတို့ နားမလည်ကြလို့ပါ။
မသိသား ဆိုးရွားနေကြတာပါ။

When people are hostile to business, it is because they do not understand it.
They are ignorant.

○ **ကြီး၊ ငယ် မဟူ**
စီးပွားရေးမှာ အရွယ်ပမာဏ အဓိကမဟုတ်။
အရည်အချင်း ပြည့်မီဖို့သာ အဓိကပါ။
In business, the main thing is not SIZE, but EFFICIENCY.

mgyoe.com

mgyoe.com


လက်လီဆိုင်ကလေးရယ်လို့ ဆိုင်ကြီးကို ယှဉ်ပြိုင်မဝံ့စရာ မလိုပါ။ ဖောက်သည်တွေ နှစ်ခြိုက်စေဖို့သာပါ။

No small independent retailer need be afraid of his assistants give pleasing efficient service to their customers.

○ အရောင်းပညာ လေ့လာပါ။

လက်လီဆိုင်ကလေးတွေ အရည်အသွေး ပြည့်မီဖို့နဲ့ ပစ္စည်းပြသမှု လှပဖို့လိုသည်။ အရောင်းပညာပေးစာအုပ်တွေ လေ့လာဖို့လိုသည်။

Read books on
Salesmanship and window Display.

○ ငါသိ ငါတတ် ငါနပ်
စီးပွားရေးဦးနှောက်ဆို လျှင်
ဒီဦးနှောက်ပိုင်ရှင်ဟာ သူ့ကိုယ်သူ လိမ်နေမိပြီ။

No business man has such a creative brain that he can think everything for himself. If he thinks he can, then he is simply deceiving himself.

mgyoe.com

mgyoe.com


○ တက္ကသိုလ်ဘွဲ့ရပြီး
ပြန်လာတဲ့ သားသမီး
စီးပွားရေးမှာ ခွင်မကျ ဖြစ်တတ်တယ်။
သားသမီးရဲ့ ပညာရေးမှာ မိမိကိုယ်ထိလက်ရောက် ပါဝင်
နေဖို့လိုသည်။

Many a son comes back from a Universtiy quite unfit to enter business life. Everyone knows that.
A wise businessman should take a hand in the education of his son.

○ မိမိ အကျိုးစီးပွားအတွက်
တခြားစီးပွားရေးလုပ်ငန်းတွေက
ပညာရတတ်တယ်
စိတ်ကူးသစ်တွေကို တခြားလုပ်ငန်းတွေမှာ ရှာရမယ်။
သတင်းစာ ဖတ်တဲ့အခါ၊ ခရီးသွားတဲ့အခါ၊ လမ်းလျှောက်
တဲ့အခါ မိမိစီးပွားရေးလုပ်ငန်းအကြောင်းကို တွေးနေရမယ်။

Every business man should be on the look-out for ideas from other trades.
He should have his own business in mind when he reads his newspaper, and when he is travelling or walking on the streets.

mgyoe.com

mgyoe.com


○ လက်လီသမားတိုင်း နားလည်ရမည်
အဝယ်တတ်ပြီး အရောင်းနပ်မှ
အသားတင် အမြတ်ထွက်မည်။

The net profit of every retailer depends upon EFFICIENT BUYING and EFFICIENT SELLING.

○ ဟာသဟာ စီးပွားရေးယန္တရားကို
လည်ပတ်စေတဲ့ စက်ဆီပါ
ဝိရောဓိ ပဋိပက္ခတွေကို ပြေစေတတ်သည်။
ဟာသစိတ်ရှိသူသည် စိတ်စေတနာကောင်းကို ရရှိတတ်၏။

Humour is the lubricating oil of business. It prevents friction. It wins goodwill.

○ ပေါ့ဆတာ ပြစ်မှုမဟုတ်ပါ။
သို့သော်...
စီးပွားရေးမှာတော့ ပြစ်မှုနည်းတူ အကျိုးယုတ်စေတတ်ပါတယ်။
ဒါကို မမေ့သင့်ပါ။
Carelessness is not a crime, but it often has as bad results as a crime.
None of us should forget this.

mgyoe.com

mgyoe.com

စီးပွားရေးကမ္ဘာမှာ အကျိုးအယုတ်ဆုံး အကျင့်ဆိုးဟာ ပေါ့ဆမှုပါ။
ဒါကို ဘဝတစ်လျှောက်လုံးမှာ ပိုပြီး သိမြင်လာခဲ့ရပါတယ်။
The longer I live, the more it seems to me that carelessness is one of the most costly bad habits in the business world.

○ တစ်ခုမဟုတ် တစ်ခု ရောင်းနေရသူချည်းပါ

ကုန်ပစ္စည်းသို့မဟုတ် အတတ်ပညာ တစ်ခုမဟုတ်တစ်ခု ရောင်းနေရသူချည်းပါ။
ပစ္စည်းလက်လီ ရောင်းသူနှင့် ပစ္စည်းထုတ်လုပ်သူ ရောင်းသူ အတူတူ ရောင်းသူတွေပါ။
ဗိသုကာပညာရှင်နှင့် အုတ်သယ်သူလည်း အတူတူပါပဲ။
You sell either your goods or service the manufacturer;
The architect and the brick-carrier, they are all alike.

○ ဖားကြီးဖြစ်မှ စားရမယ်

စီးပွားရေးအိုင်ကွက်ကြီးထဲမှာ ဖားကလေးတစ်ကောင်
ဖြစ်ရတာထက်
အိုင်ကလေးထဲမှာ
ဖားကြီးတစ်ကောင်ဖြစ်မှ
အများဆုံး စားရမယ်။

mgyoe.com

mgyoe.com


In business it usually pays best to be the biggest toad in a small puddle than to be one of man toads in a big puddle.

- **အရေအတွက်များများကိုစဉ်းစား**

  ရောင်းပြီပေ့ဆိုရင် အရေအတွက်များများကို စဉ်းစား၊ အနည်းအပါးလောက်နဲ့ မဖြစ်ပါ။

In selling we are compiled to think of the Many, not the few.

- **ကြီးပွားရေး အရင်းအမြစ်**

  ဖန်တီးအားကောင်းခြင်းသည်သာ
  စီးပွားရေးလုပ်ငန်း ကြီးထွားစေနိုင်ပါတယ်။

It is the CREATIVE work that makes a business grow.

- **အရောင်းသမားရဲ့ စကား**

  ပုံသေနည်းနဲ့ အလွတ်ကျက် စကားမျိုးမဟုတ်။
  အချိန်သင့်၊ အခါသင့်၊ အလိုက်သင့် ကွက်တိဝင်သွားတဲ့ စကားပါ။

A salesman's talk should never be a readymade talk.
I should be a made-to-measure talk.

mgyoe.com

mgyoe.com



- ပြန်ရောင်းဖို့ စဉ်းစားပါ

ပစ္စည်းတစ်ခု ဝယ်သည့်အခါတိုင်း ပြန်ရောင်းဖို့စဉ်းစားပါ။

When BUYING Consider RESALE.

- သင့်ရဲ့သွေးထဲကို သံရည်တွေ လောင်းထည့်လိုက်သလို

အတ္ထုပ္ပတ္တိတွေ စဖတ်တဲ့ အလေ့အကျင့် မွေးပေရော့။ အတ္ထုပ္ပတ္တိ အတော်များများဟာ အသည်းယားစရာတွေပါ။ အောင်မြင်သူတစ်ယောက် တွေ့ကြုံရင်ဆိုင်တဲ့ အခက်အခဲတွေ ဖြေရှင်းတာတွေ ဖတ်ရတဲ့အခါ ဖတ်ရသူရဲ့သွေးထဲကို သံတွေ၊ ခဲတွေ ပစ်သွင်းလိုက်သလိုပါပဲ။

Difficulties give is a push forword and put into our blood.

- အပြေးပြိုင်ပွဲရဲ့ ဒုတိယတစ်ဝက်

အပြေးပြိုင်ပွဲ ပထမခရီးထက်ဝက်မှာ အားသွန်ခွန်စိုက် လေကို တအားရှူရှိုက်ပြီး ပြေးရတယ်။ ဒုတိယထက်ဝက်ကျတော့ ဉာဏ်နဲ့သတ္တိ သုံးရတယ်။ ဒီ ဒုတိယထက်ဝက်က အနိုင်အရှုံး ဆုံးဖြတ်သွားပါရော။

In a race, a runner runs the first half on his wind and the last (second) on his nerve and grit it is the second half that decides the winner.

mgyoe.com

mgyoe.com



- သူ့ဆန္ဒစား ရဲမှုဆိုတာ
  ဈေးကွက်သုတေသနပါ။
  စီးပွားရေးလုပ်ငန်းမှာဖြစ်စေ၊ အတတ်ပညာနှင့်ဖြစ်စေ၊
  တစ်ဦးတစ်ယောက်ထံမှ ပိုက်ဆံယူရပြီဆိုလျှင် သူ့သဘော၊
  သူ့အကြိုက် လိုက်ရပါပြီ။
  ဒါဟာ "ဈေးကွက်သုတေသန"ပါ။
  အရောင်းသမား အတွက်ရော၊ အင်ဂျင်နီယာအတွက်ပါ
  ဒီအတိုင်းပါ။

  Take a keen interest in the wants and opinion of the people from whom you get your money.
  This is Market Research for the seller as well as the engineer.

- အလုပ်မဖြစ်ဘူးလား
  ကုန်ကျစရိတ် များလာပါပြီ
  လုပ်ငန်းတစ်ခု အရောင်းမသွက် အလုပ်မဖြစ်တော့ရင်
  ကုန်ကျစရိတ် အများဆုံး ဖြစ်သွားပါပြီ။

  The highest cost is the cost of NOT doing business.

mgyoe.com

mgyoe.com



○ ပျင်းရိခြင်းအစ

ဂရုမစိုက်တဲ့ ဥယျာဉ်ထဲမှာ အသုံးမဝင်တဲ့ ပေါင်းပင်တွေ ပေါက်လာသလို ပေါ့ပေါ့ဆဆ လုပ်ငန်းထဲမှာ လူပျင်းတွေ ရေသာခိုတွေ များနေလိမ့်မည်။

Just as a neglected garden is soon full of weeds so is a neglected company soon full of slackers and parasites.

○ ပိုးဖလံမျိုး မီးကိုတိုးသလိုပါ

လူအတော်များများဟာ ပိုးဖလံတွေလိုပါ။ အလင်းရောင်ကို ဝင်တိုးတတ်ပါတယ်။ လျှပ်စစ်အလင်းအား မကောင်းတဲ့ ဆိုင်ဆိုရင် သူတို့ သတိမထားတတ်ကြပါ။

People are attracted by lights just as moth are

They simply do not see a badly lit shop.

○ နောက်တစ်ခေါက် မလာတော့လို့ပါ

(ဒီဆေးဟာ ရောဂါတကယ်ပျောက်ပါတယ် ခင်ဗျာ)

(သေချာလှချည်လား၊ ဘာကြောင့်လဲ)

(ဟုတ်ကဲ့၊ နောက်တစ်ပုလင်း လာမဝယ်တော့လို့ပါ)

(Sure this medicine will cure your ailment).

(How can you be so sure?)

(Never comes back for a second bottle)

mgyoe.com

mgyoe.com



○ ဖောက်သည်ဟာ ဖိတ်ခေါ်ထားတဲ့ ဧည့်သည့်ပါ

ဖောက်သည်တစ်ယောက်ဟာ ဧည့်သည်ပါ။ ဂိတ်တံခါးကို အတင်းအဓမ္မ တွန်းဖွင့်ဝင်လာသူ မဟုတ်ပါ။ ဖိတ်ခေါ်ထားတဲ့ ဧည့်သည်ပါ။

Every customer is an INVITED GUEST.

○ သင့်အတွက် အရေးပါဆုံးမှာ "သင်ပါပဲ"။

ဝင်ငွေအများကြီးရနေနေ၊ အနည်းအကျဉ်းပဲရနေနေ သည် ကမ္ဘာမှာ သင့်အတွက် အရေးပါဆုံးဟာ သင်ကိုယ်တိုင်ပါ။

No matter whether your are making little money or much.

The most important thing in the world to you is YOURSELF.

○ ဈေးနှုန်းကို အကောင်းဆုံး ထိန်းကျောင်းနိုင်တာ ဖက်ရှင်ပါ

လက်လီဈေးသည်တိုင်း သိဖို့လိုပါတယ်။ ဈေးနှုန်းကို အထိ ရောက်ဆုံး ထိန်းကျောင်းနိုင်တာဟာ ဖက်ရှင်ပါ။

Every retailer should knows this:

Fashion is the most effective influence in maintaining prices:

mgyoe.com

mgyoe.com



○ အကယ်၍သာ အခြားတစ်နေရာမှာ

လက်ရှိလုပ်ငန်းထဲ ရင်းနှီးထားတာတွေ တခြားလုပ်ငန်းများ ထည့်လိုက်ရင် ပိုပြီး မြတ်စွန်းလေမလား။
အဲသလိုလူမျိုး ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်ုပ် မတွေ့ဖူးပါ။ လူအတော်များများဟာ (အကယ်၍သာ အသင်းသား) တွေပါ။

There may be a men somewhere who is sure he could have made more money if he had gone into some other business.
There may be such a man, but I haven't met him.
Most men belong to the (if only-I-Had) club.

○ ခွဲစိတ်ပြီး ဖြတ်တောက်ပစ်ပါ

လုပ်ငန်းတစ်ခု မကောင်းလာပြီဆိုရင် ခွဲစိတ်ဆရာဝန်ရဲ့ နည်းနဲ့ အင်္ဂါရပ် အစိတ်အပိုင်းတစ်ခု ဖြတ်တောက်သလို တစ်ယောက်ယောက်ကို ထုတ်ပစ်ရမယ်။

Sometimes a business that is badly run requires a surgical operation.
Someone must be out of it.

mgyoe.com

mgyoe.com


○ လူတစ်ယောက်ပုံစံနဲ့ ဆိုင်ပေါင်း ၁၀၀

လူတစ်ယောက်သည် ဆိုင်တစ်ဆိုင် အုပ်ချုပ်တဲ့ပုံစံနဲ့ ဆိုင်တစ်ရာ ဖွင့်၍မရပါ။

A hundred shops cannot be run in the same ways as a one-man shop.

○ မိန်းမသားအကြိုက် လိုက်ပေးပါ

ဒါမှ ဝယ်သူအမျိုးသမီးသည် သူ့အကြိုက်ကို အရောင်းစာရေးတွေ ဂရုစိုက်သားပဲဟု ကျေနပ်သွားမည်။

A woman feels that she is getting personal attention when the sale people remember what she likes.

○ ကြွေးမြီရဲ့ နှစ်ဖက်ချွန်သဘာဝ

ကြွေးမြီဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ဆောက်ပေးတတ်သလို ဖြိုချ ဖျက်ဆီးတတ်သည်။

အရေးကြီးတာက ကြွေးမြီနှင့် ရင်းရပြီဆိုလျှင် အသားတင်အမြတ်ရမရ တွက်ချက်ရမည်။

Debt may be either Business Builder or Business Breaker.

The vital point to consider is the net profit of a business.

mgyoe.com

mgyoe.com


○ လိပ်လို သွားနေကြသည်

ယခုအချိန်ထိ စီးပွားရေးကမ္ဘာမှာ လိပ်လို သွားနေကြသည်။ သည်လိုနှင့် စီးပွားရေးလုပ်ငန်း ပျက်ပါရော။

There are men in the business world who are like tortoises. They are persisting in the wrong fear after year, until their business come to an end.

○ စီးပွားရေးအကြောင်း ပြောရမယ်ဆိုရင်

စီးပွားရေးလုပ်တာဟာ အဝင်အထွက် အလုပ်ပါ။ ငွေဝင်တယ်၊ ငွေထွက်တယ်၊ ယူတယ်၊ ပေးတယ်ပါပဲ။ ပြဿနာကတော့ အဝင်က အထွက်ထက်များဖို့ပါပဲ။

Business is a matter of IN-OUT we take money in we pay money out the problem is to have more IN than OUT.

○ အားလပ်ရက်

စီးပွားရေးသမား အနားယူတဲ့အခါ အကြောအခြင်တွေ လျှော့ထားပြီး စီးပွားရေးမျက်နှာကြီးကို ထားပစ်ခဲ့ပါ။

When a businessman goes on a holiday. The main thing he should do is to RELAX. He should leave his business face behind.

mgyoe.com

mgyoe.com


○ ရှာဖွေလေ အမြတ်များလေပါ
စီးပွားရေးတိုင်းမှာ အချက်အလက် ရှာဖွေသူတွေ၊ စိတ်ကူးသစ် ရှာဖွေလေ့ကျင့်သူတွေဟာ အမြတ်အစွန်းတိုးအောင် လုပ်နိုင်တဲ့စွမ်းအား အများဆုံးရှိသူတွေပါ။

Fact-finders and Idea-learners are the ablest Profit-makers.

○ သုံးအချိုးတစ်
စတိုးဆိုင်ထဲ ဝင်လာသူတွေထဲ ၃ ယောက် ၁ ယောက်တော့ ဘာမှမဝယ်ဘဲ ထွက်သွားတတ်ကြပါတယ်။

At least a third of the people who walk into a big stare walk out without buying.

○ ဖောက်သည်စကား
ကြားဖြတ်မဝင်လိုက်ပါနှင့်
ကိုယ်ပြောနေတဲ့စကား တစ်ပါးသူ ဖြတ်ဝင်တာကို တရားခံဝရမ်းပြေးသာ ကြိုက်တတ်ပါတယ်။
ဖောက်သည်ကိုတော့ သူ့စကား ကြားဖြတ်မဝင်မိပါစေနှင့်။

Only a convict likes to be stopped in the middle of a sentence.
Don't interrupt a customer.

mgyoe.com

mgyoe.com


○ အရောင်းပညာဆိုတာ
ကျွမ်းကျင်ရာ အလိမ္မာတိုးတဲ့ ကစားနည်းပါ။
ဆရာတစ်ဆူ ဖြစ်ဖို့ကတော့ တစ်ဘဝ ဒါမှမဟုတ် တစ်ဘဝ
ကျော်ကျော် လိုပါလိမ့်မည်။

Selling is a game of skill. All those whose business is to sell have to master it many take a life-time or more.

○ ဝယ်ခြင်းသည် အရာခပ်သိမ်းဖြစ်၏
ရောင်းရခြင်းသည် ဒုတိယအဆင့်ဝယ်ပြီဆိုရင် ပိုက်ဆံပါ
လာပြီမဟုတ်လား။
ဝယ်သူက အခြေခံပါပဲ။
သူပစ္စည်းဝယ်တာဟာ ကျွန်ုပ်တို့ရဲ့ မဟာအကျိုး စီးပွားပါ။

Buying is everything. Selling is secondary. The buying has money in it. The Buyer takes the floor.
Why he buys is our great business.

○ ပိုသိလေ ကောင်းလေပါ
အရောင်းသမားဖြစ်ဖြစ် တခြားဘာပဲဖြစ်ဖြစ် လူ့သဘာဝ
ကတော့ ပိုပြီးသိလေ ပိုကောင်းလေပါ။

Salesman, or no saleman, the more you learn about human nature the better.

mgyoe.com

mgyoe.com


- **အရောင်းသမားတိုင်း သတိထားရမည်**

သုံးမျိုးပါ။ ဝယ်သူရဲ့ဆန္ဒ၊ အရောင်းပညာရဲ့ အနုပညာနဲ့ အတတ်ပညာ။ ပြီးတော့ လူတွေဘာကြောင့် ပစ္စည်းဝယ်ကြတဲ့အကြောင်းကို လက်တွေ့ကျကျ သိရမည်။

Selling.
It requires knowledge of three kinds the buyer's wants the art and craft of salesmanship and the real reasons who people buy.

- **ဝယ်သူအမှန်**

ဝယ်သူသာ ထာဝရမှန်ကန်သူပါ။
စီးပွားရေးလုပ်သူက ဝယ်သူရဲ့ ဆန္ဒတွေ၊ ခံစားချက်ထဲကို ကျွမ်းပစ်ဝင်ရမှာပါ။
သူကြိုက်တာတွေ၊ မကြိုက်တာတွေ၊ ဇီဇာကြောင်တာတွေ ထဲကို အမြန်ဆုံး တိုးဝင်ပစ်ရမည်။

The buyer is always right.
It's businessman's business to tumble into the buyer's wants and feelings; preferences, dislikes freakishness.

mgyoe.com